# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 25, 2019 Volume 23, Number 18


**၂၅.၉.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၂၈ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၄၆၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၀/- ကျပ် |
| CBM Rate | = ၁၅၃၂.၁ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၅.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၂.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၀၅.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၂၇.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၈.၅ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၅.၀၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၅၄၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၇.၇၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၆၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၁၂၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀

ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## အခြေခံစပါးဈေးနှုန်း လာမည့်အောက်တိုဘာလအတွင်းကြေငြာမည်



ယခုနှစ်အတွက် အခြေခံ စပါးဈေးနှုန်းကို လာမည့်အောက်တိုဘာလဝက် မတိုင်ခင် ကြေငြာပေးမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။ ထုတ်မပြောသေးပါဘူး။ဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့ကလည်း ပြောခွင့်မရှိဘူး။ ဦးဆောင်အဖွဲ့ကနေပြီးတော့ ကြေငြာမှာဖြစ်ပါတယ်ဟု ဒုဝန်ကြီးက ပြောသည်။

နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် စက်တင်ဘာ ၂၄ ရက်က သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့တက်ရောက်သည့် ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သုံးသပ်အကြံပြုတင်ပြရေး လုပ်ငန်းကော်မတီအစည်းအဝေးအပြီးတွင် ထိုသို့ပြောဆို ခဲ့ခြင်းဖြစ်သည်။ လယ်သမားများ၊ ကုန်သည်လုပ်ငန်းရှင်များအတွက် အကျိုးရှိမည့်အခြေခံစပါးဈေးနှုန်းသတ်မှတ်မည်ဖြစ်သော်လည်း ယင်းဈေးနှုန်းအပေါ် ကျေနပ်မှုရှိ၊ မရှိမှာ တစ်ဦးချင်းအပေါ် မူတည်သည်ဟု ဒုဝန်ကြီးကဆိုသည်။ တစ်ချို့ အထူးကိစ္စလေးတွေလည်းရှိနိုင်ပါတယ်။ ဥပမာ–ဆန်၊ စပါးဈေးနှုန်းက အရည်အသွေးက သိပ်မကောင်းဘူးဆိုလို့ရှိရင်တော့ ဈေးကသိပ်ကောင်းမှာမဟုတ်ပါဘူး။ အခုသတ်မှတ်တဲ့ဈေးက ဈေးနှုန်းမဟုတ်ပါဘူး။ အခြေခံဈေးပါပဲ။ ဈေးနှုန်းက ဈေးကွက်မှာ ဒီထက်ကိုပိုပြီးတော့ မြင့်မြင့်မားမားရရှိဖို့ဖြစ်ပါတယ်ဟု ၎င်းကရှင်းပြသည်။

နွေစပါးနှင့် မိုးစပါး ထုတ်လုပ်မှု ကုန်ကျစရိတ်သည် ကွာခြားမှုရှိသည့်အတွက် အခြေခံစပါးဈေးနှုန်း သတ်မှတ်ရာတွင် ခွဲခြားသတ်မှတ်ရန်လည်းစီစဉ်ထားသည်။ အခြေခံစပါးဈေးနှုန်း သတ်မှတ်ရေးကိစ္စသည် နိုင်ငံရေးအရ ထိလွယ်၊ ရှလွယ်ကိစ္စဖြစ်သည့်အတွက် ဆန္ဒပြမှုများလည်း ဖြစ်လာနိုင်ပြီး ယနေ့အစည်းအဝေး မတိုင်ခင် အချို့ဒေသများတွင် စပါးတင်းတစ်ရာလျှင် ငွေကျပ်ခုနှစ်သိန်းအထက် ရရှိရေး ဆန္ဒပြမှုများလည်းရှိခဲ့သည်ဟု ဒုဝန်ကြီးကပြောသည်။ ယခုနှစ် အသစ်သတ်မှတ်မည့် အခြေခံစပါးဈေးနှုန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က စပါးတင်းတစ်ရာလျှင် ကျပ်လေးသိန်းရှစ်သောင်း၊ ကျပ်ငါးသိန်းနှင့် ကျပ်ငါးသိန်းနှစ်သောင်း ဟူ၍ သုံးမျိုးခွဲကာ အစိုးရထံတင်ပြထားသည်။

ယခုကဲ့သို့ အခြေခံစပါးဈေးနှုန်း သတ်မှတ်ခြင်းသည် တောင်သူလယ်သမားများ မိုးစပါးနှင့်နွေစပါးပေါ်ချိန်တွင် ဈေးနှိမ်မခံရစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်။ အခြားတစ်ဖက်တွင်လည်း ပြည်ပသို့ပို့နေသည့် ဆန်ဈေးနှုန်းများ ကျဆင်းလျှင် စပါးအတိုင်း သတ်မှတ်သည့်တန်ချိန်၊ သတ်မှတ်ကာလအတွင်း တင်ပို့နိုင်ရန် ဆွေးနွေးထားသည်ဟုလည်း ဒုဝန်ကြီးကဆိုသည်။ အထူးအစီအစဉ်တစ်ရပ်အနေနဲ့ ဒီနှစ်မှာ ကျွန်တော်တို့ ဆန်လက်ကျန်တွေများနေတဲ့အတွက်ကြောင့်မို့လို့ စပါးကို စပါးအတိုင်း

တင်ပို့ခွင့်ပြုဖို့ Recommend လုပ်မယ်ဟု ဒုဝန်ကြီးဦးအောင်ထူးကပြောသည်။ ပြီးခဲ့သည့် ၂၀၁၈ခုနှစ်တွင် အခြေခံစပါးဈေးနှုန်းကို နွေစပါး၊ မိုးစပါး မခွဲခြားဘဲ စပါးတင်းတစ်ရာလျှင် ကျပ်ငါးသိန်းနှုန်းဖြင့်သတ်မှတ်ခဲ့သည်။

**Source:** http://www.mizzimaburmese.com/article/60795

## ဂျပန်နိုင်ငံအား ကိုရီးယားသမ္မတနိုင်ငံ၏ ပို့ကုန်ထိန်းချုပ်မှုဆိုင်ရာယုံကြည်ရသည့် ကုန်သွယ်ဖက်နိုင်ငံစာရင်း (White List) မှ တရားဝင်ပယ်ဖျက်လိုက်ခြင်း

ကိုရီးယားသမ္မတနိုင်ငံသည် ဂျပန်နိုင်ငံအား ပို့ကုန်ထိန်းချုပ်မှုဆိုင်ရာ ယုံကြည်ရသည့်ကုန်သွယ်ဖက်နိုင်ငံစာရင်း (White List)မှ (၁၈.၉.၂၀၁၉)ရက်နေ့တွင် တရားဝင်ပယ်ဖျက်လိုက်ပြီဖြစ်ပြီး၊ ယင်းသည် ၁၉၆၅ ခုနှစ်တွင်စတင်ခဲ့သည့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးတွင် အနိမ့်ပါးဆုံးသောအခြေအနေတစ်ခုဖြစ်ပါသည်။ ပို့ကုန်ဆိုင်ရာထိန်းချုပ်မှုလိုအပ်သည့် Dual Use အသုံးပြုနိုင်သော Strategic Item များနှင့်ပတ်သက်၍ ကိုရီးယားသမ္မတနိုင်ငံ၏ ပို့ကုန်ဆိုင်ရာထိန်းချုပ်မှုစနစ် (Export Control System) ဆိုင်ရာစည်းမျဉ်းစည်းကမ်းများအား ပြန်လည်ပြင်ဆင်၍ တရားဝင်ထုတ်ပြန်ပြီးဖြစ်ရာ (၁၈.၉.၂၀၁၉) ရက်နေ့တွင် စတင်အကျိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်း ကုန်သွယ်ရေး၊ စက်မှုလုပ်ငန်းနှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးမှ ပြောကြားခဲ့ပါသည်။ ဂျပန်နိုင်ငံအား တောင်ကိုရီးယားနိုင်ငံ၏ ယုံကြည်ရသည့်ကုန်သွယ်ဖက်နိုင်ငံစာရင်းမှ ပယ်ဖျက်မည်ဖြစ်ကြောင်း ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် စက်မှုလုပ်ငန်းဝန်ကြီး Mr.Sung Yun–mo က ပြောကြားခဲ့ချိန်မှစ၍ ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် အများပြည်သူတို့ထံမှ သဘောထားမှတ်ချက်တောင်းခံခြင်း အပါအဝင် လိုအပ်သည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ပြီး စည်းမျဉ်းစည်းကမ်းများကို ပြင်ဆင်နိုင်ရေးအတွက် ဥပဒေပြုရုံးသို့ တင်ပြခဲ့ပါသည်။ ဝန်ကြီးဌာနအနေဖြင့် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့မှ စက်တင်ဘာလ ၃ ရက်နေ့အထိ Website နှင့်အီးမေးလ်များမှတစ်ဆင့် သဘောထားများတောင်းခံခဲ့ရာ ရလဒ်များအရ ၉၁ ရာခိုင်နှုန်းသည် ဥပဒေစည်းမျဉ်း စည်းကမ်းများကို ပြင်ဆင်ရန်ထောက်ခံခဲ့ကြကြောင်းသိရှိရပြီး၊ သဘောထားတောင်းခံခဲ့သည့်အရေအတွက်ကိုမူ ထုတ်ဖော် ပြောကြားခြင်းမရှိကြောင်းသိရှိရပါသည်။ အဆိုပါစည်းမျဉ်းစည်းကမ်းများ ပြင်ဆင်ချက်သည် (၁၈.၉.၂၀၁၉)ရက်နေ့ (ဗုဒ္ဓဟူးနေ့)မှ စတင်အသက်ဝင်မည်ဖြစ်ရာ တောင်ကိုရီးယားနိုင်ငံ၏ Export Control System တွင် ဂျပန်နိုင်ငံ၏ အနေအထားသည် အဆင့်နိမ့်သို့ ပြောင်းလဲသွားခဲ့ပြီဖြစ်ပါသည်။ ယခင်က တောင်ကိုရီးယားနိုင်ငံအနေဖြင့် Export Control System အတွက် ကုန်သွယ်ဖက်နိုင်ငံများကို Group(A)(B)ဟူ၍ နှစ်မျိုးခွဲခြားသတ်မှတ်ခဲ့ရာမှ ယခု စနစ်သစ်တွင် Group(A–2) အသစ်တိုး၍ ပါဝင်လာမည်ဖြစ်ပြီး၊ အဆိုပါ Group(A–2)သည် Group(B)အဆင့်နီးပါးကဲ့သို့ပင် ပို့ကုန်ထိန်ချုပ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်း ကန့်သတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကာ အချို့သောအချက်များတွင်သာ အနည်းငယ်ကွဲပြားမှုရှိမည်ဖြစ်ပါသည်။ တောင်ကိုရီးယားနိုင်ငံ၏ Government’s Compliance Program တွင် ပါဝင်ဆောင်ရွက်နေသော ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် Group(A–1) တွင်အကျုံးဝင်သောနိုင်ငံများသို့ Strategic Items ပစ္စည်းများကို တင်ပို့နိုင်မည်ဖြစ်ပြီး Group(A–2)နှင့် Group(B)တို့တွင် အကျုံးဝင်သောနိုင်ငံများသို့မူ သတ်မှတ်ချက်များနှင့် အညီသာ တင်ပို့ခွင့်ရရှိမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် မိမိကုန်သွယ်မှုပြုမည့်နိုင်ငံသည် မိမိနှင့် နှစ်နှစ်တာအတွင်း (၃)ကြိမ်အထက် ကုန်သွယ်မှုပြုထားသူ (သို့မဟုတ်) နှစ်နှစ်ထက်ပို၍ ကာလရှည်ကြာစွာ ကုန်သွယ်မှုပြုခဲ့သူဖြစ်ရမည် စသဖြင့်သတ်မှတ်ချက်များနှင့် ကိုက်ညီရန် လိုအပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။ Group(A–2)တွင် အကျုံးဝင်သော နိုင်ငံများမှ Strategic Items ပစ္စည်းများတင်သွင်းမည့် ကိုရီးယားသွင်းကုန်လုပ်ငန်းရှင်များသည် အဆိုပါပစ္စည်းများအား အခြားသောနိုင်ငံများသို့ ပြန်လည်တင်ပို့ရောင်းချရာတွင်လည်း သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်ကြောင်း၊ ထို့ပြင် Group(A–2)တွင် အကျုံးဝင်သောနိုင်ငံများသို့ ပစ္စည်းများတင်ပို့လိုသည့် တောင်ကိုရီးယား ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာအာဏာပိုင်များထံသို့ တင်ပြခွင့်ပြုချက်ရယူရမည့် စာရွက်စာတမ်း အထောက်အထားအရေအတွက်နှင့် ဆောင်ရွက်ရန်ကြာမြင့်ချိန်တို့မှာလည်း Group(A–1)အတွက်လိုအပ်ချက်နှင့်နှိုင်းယှဉ်လျှင် ပိုမိုများပြားမည်ဖြစ်ကြောင်း၊ တောင်ကိုရီးယားနိုင်ငံအစိုးရအနေဖြင့် ယခုကဲ့သို့ ပြောင်းလဲခြင်းများဆောင်ရွက်ရာတွင် နိုင်ငံသားပို့ကုန်လုပ်ငန်းရှင်များ၏ အကျိုးစီးပွားကို မထိခိုက်စေရေးအတွက် အထူးဂရုပြု၍ ဆောင်ရွက်ခဲ့ပြီး၊ စနစ်သစ်စတင်အကောင်အထည်ဖော်ချိန်မှစ၍ ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များနှင့်ပတ်သက်၍လည်း စောင့်ကြည့်ကြီးကြပ်လျက်ရှိကြောင်း (၁၈.၉.၂၀၁၉) ရက်နေ့တွင်ဝေသည့် The Kores Times သတင်းစာ၌ဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-ကိုရီးယား**

## အိန္ဒိယနိုင်ငံမှ အဝယ်ရပ်နားခဲ့ပြီးနောက် ဈေးနှုန်းကျဆင်းနေသည့် မတ်ပဲအား တရုတ်နိုင်ငံမှဝယ်ယူလာခြင်းကြောင့် ဈေးကျဆင်းမှုရပ်တန့်ကာ အရောင်းအဝယ်ပြန်သွက်လက်လာ



အိန္ဒိယနိုင်ငံမှ အဝယ်ရပ်နားခဲ့သည့်အတွက် ဈေးနှုန်းများ တရိပ်ရိပ်ကျဆင်းန ေသည့် မတ်ပဲသီးနှံအား တရုတ်နိုင်ငံမှ ဝယ်ယူလာခြင်းကြောင့် ဈေးကျဆင်းမှုရပ်တန့်ကာ အရောင်းအဝယ်ပြန်လည်သွက်လက်လာကြောင်း မန္တလေးကုန်စည်ဒိုင် ပဲဈေးကွက်မှသိရသည်။ ယခုနှစ်တွင် မတ်ပဲပေါ်ဦး ပေါ်ဖျား ဇန်နဝါရီလက သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၇၅၀၀၀ နှုန်းဖြင့် အဖွင့်ဈေးရှိခဲ့ပြီး အိန္ဒိယနိုင်ငံမှ တန်ချိန်တစ်သိန်းခွဲ ဝယ်ယူရန် စာချုပ်ထားသည့်အတွက် သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၈၅၀၀၀ နှုန်းအထိ ဈေးမြင့်တက်ခဲ့သော်လည်း ဩဂုတ်လလယ်မှစ၍ ဝယ်ယူမှုနည်းပါးလာခြင်းကြောင့် ဈေးနှုန်းများ တရိပ်ရိပ်ကျဆင်းလာပြီး စက်တင်ဘာလ လက်ရှိအချိန်၌ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၆၅၀၀၀ နှုန်းအထိ ပြန်လည်ကျဆင်းလာကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်း မြင့်ပွဲရုံ) က ပြောကြားသည်။

မန္တလေးဈေးကွက်ထဲ စက်တင်ဘာလ တတိယအပတ်မှာ မတ်ပဲဈေးက ကျဆင်းနေတယ်။ အောက်တိုဘာလကုန်မှာ မတ်ပဲတင်ပို့မှုအပြီး တင်ပို့ရမှာဖြစ်တဲ့အတွက်ကြောင့်နဲ့ ပြည်တွင်းမတ်ပဲလက်ကျန်များနေတဲ့အတွက်ကြောင့် မတ်ပဲဈေးက အခုရက်ပိုင်းကျဆင်းနေပါတယ်။ မန္တလေးဈေးကွက်ထဲမှာ ဩဂုတ်လအလယ်လောက်က သုံးတင်းတစ်အိတ်ကို ကျပ် ၈၀၀၀၀ ရှိပြီး စက်တင်ဘာလ ဆန်း ပထမပတ်မှာ မတ်ပဲအလုံးလတ် သုံးတင်းတစ်အိတ် ကျပ် ၆၅၀၀၀ ဈေးနဲ့ အလုံးအကြီး စမတ်ပဲဈေး ကျပ် ၆၈၀၀၀ လောက် အထိ ဈေးကျသွားတယ်။ လက်ရှိအချိန် ကာလတူနှစ်တွေမှာဆို လှောင်လက်သမားတွေ ပစ္စည်းထုတ်တဲ့ အချိန်ဖြစ်နေတယ်။ မတ်ပဲစိုက်ပျိုးချိန်က ဆောင်းတွင်းဆို စတင်စိုက်ပျိုးချိန်ရောက်မှာမို့ တောင်သူတွေလက်ထဲက မတ်ပဲတွေလည်း ထုတ်ရောင်းနေကြပြီး အိန္ဒိယဝယ်လက်တွေကလည်း အခုရက်ပိုင်းအတွင်း အဝယ်ရပ်ထားသဖြင့် မတ်ပဲဈေးက ကျဆင်းနေပါတယ်။ မတ်ပဲဈေးကျနေတဲ့ အချိန်မှာ ဈေးကွက်ထဲတရုတ်ဝယ်လက်က ဝယ်ယူမှုရှိနေတာကြောင့် မတ်ပဲဈေးက ကျသင့်သလောက် မကျဆင်းဘဲဖြစ်နေတာ၊ အရောင်းအဝယ် ဈေးကွက်ထဲ ပြန်ဖြစ်နေတယ်။ ပြီးခဲ့နှစ် ၂၀၁၈ ခုနှစ်ကလည်း မတ်ပဲဈေး ကျပ် ၄၅၀၀၀ ကနေ ၄၈၀၀၀ ဈေးဖြစ်နေချိန်မှာ မတ်ပဲဈေးကျနေချိန် တရုတ်ဝယ်လက်တွေက ဝင်ရောက်ဝယ်ယူမှုရှိတယ်။ ဒီနှစ်မှာလည်း မတ်ပဲဈေးကျနေချိန်မှာ တရုတ်ဝယ်လက်တွေ ဝင်ရောက်ဝယ်ယူမှုကြောင့် မတ်ပဲဈေး ကျသင့်သလောက်မကျဘဲ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်ပါတယ်ဟု ဦးစိုးဝင်းမြင့်ကပြောကြားသည်။

ယခင်နှစ်များက အိန္ဒိယနိုင်ငံ ဝယ်လိုအားကြောင့် သုံးတင်းဝင် တစ်အိတ်လျှင် ကျပ်နှစ်သိန်းနှုန်းအထိ အမြင့်ဆုံးဈေးသို့ ရောက်ရှိခဲ့သော်လည်း နောက်ပိုင်းတွင် ကန့်သတ်ချက်များဖြင့် ဝယ်ယူလာမှုကြောင့် ဈေးနှုန်းများ ကျဆင်းကာ တောင်သူများ အခက်အခဲဖြစ်ပေါ်ခဲ့ရကြောင်းသိရသည်။ ရန်ကုန်၊ ဧရာဝတီနှင့်ပဲခူးတိုင်းဒေသကြီးတို့တွင် မတ်ပဲသီးနှံကို အဓိကစိုက်ပျိုးကြသည့်အပြင် မန္တလေး၊ စစ်ကိုင်းနှင့်မကွေးတိုင်းဒေသကြီးတို့တွင်လည်း ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင် တစ်ရာသီသာ စိုက်ပျိုးကြသည်။ မန္တလေးပဲဈေးကွက်တွင် ပြည်ပသို့ အဓိက တင်ပို့ကုန်များဖြစ်သည့် ပဲစင်းငုံမှာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၈၈၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မြေတောက်ပဲမှာ ကျပ် ၁၂၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ပဲတီစိမ်းမှာ ကျပ် ၁၀၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မြေပဲလုံးဆန်မှာ တစ်ပိဿာလျှင်ကျပ် ၃၉၀၀ နှုန် ဖြင့်လည်းကောင်း၊ ထောပတ်ပဲ သုံးတင်းဝင်တစ်အိတ် ကျပ် ၁၁၀၀၀၀ နှုန်းဖြင့်လည်းကောင်း နှမ်းနက်သုံးတင်းဝင်တစ်အိတ် ၂၁၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ နှမ်းဖြူသုံးတင်းဝင် တစ်အိတ် ၁၅၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ထိုင်ဝမ်ကုလားပဲ ၇၈၀၀၀ နှုန်းဖြင့်လည်းကောင်း ပြောင်းဖူးစေ့ ၂၁၀၀၀ နှုန်းဖြင့်လည်းကောင်း ယနေ့ပေါက်ဈေး (စက်တင်ဘာ ၂၄ ရက်) ရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/136507https://news-eleven.com/article/136507

## ယခုနှစ်အရှေ့တောင်အာရှဒေသ၏ GDP တိုးတက်မှု နှေးကွေးမည်ဟုခန့် မှန်း

အရှေ့တောင်အာရှဒေသရဲ့ စီးပွားရေး တိုးတက်မှုဟာ၂၀၁၈ ခုနှစ်က ၅ ဒသမ ၁ ရာခိုင်နှုန်းကနေ ယခုနှစ်မှာ ၄ ဒသမ ၅ ရာခိုင်နှုန်းကို နှေးကွေးကျဆင်းဖွယ် ရှိကြောင်းဗြိတိန် စီးပွားရေး အကြံပေး ကုမ္ပဏီ Oxford Economics က စက်တင်ဘာ ၁၈ ရက်မှာ ထုတ်ပြန်လိုက်ပါတယ်။ လာမယ့် ၂၀၂၀ မှာလည်း အဆိုပါဒေသရဲ့ စီးပွားရေး တိုးတက်မှုနှုန်းဟာ ၄ ဒသမ ၅ ရာခိုင်နှုန်းမှာပဲရှိမယ်လို့ဆိုပါတယ်။ အမေရိကန်နဲ့တရုတ်အကြားက အခွန်အကောက်ဆိုင်ရာ ကုန်သွယ်ရေးစစ်အတွင်း ယခုလို တိုးတက်မှုနှေးကွေးမှုနဲ့ ကြုံရတာဖြစ်ကြောင်း ယင်းကထုတ်ပြန်ပါတယ်။ Oxford Economics ကထုတ်တဲ့ အဆိုပါ အစီရင်ခစာကတော့ ဒေသရဲ့စီးပွားရေးနဲ့ပတ်သက်လို့ ပုံမှန်သုံးသပ်နေတဲ့ အစီရင်ခံစာတစ်ခုဖြစ်ပါတယ်။

အဓိကအားဖြင့် အင်ဒိုနီးရှား ၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနဲ့ဗီယက်နမ်တို့ကို အထူးအာရုံစိုက်ထားပါတယ်။ ကမ္ဘာ့စီးပွားရေးရာ မသေချာမှုတွေ၊ အမေရိကန်-တရုတ် ကုန်သွယ်ရေး စစ်ရေလဒ်တို့ကြောင့် ဒီဒေသရဲ့စီးပွားရေး အလားအလာပေါ် ထပ်မံထိခိုက်စေမယ်လို့ ကျွန်တော်တို့ခန့်မှန်းမိပါတယ်ဆိုပြီး Oxford Economics ရဲ့ အာရှဆိုင်ရာ စီးပွားရေးပညာရှင် Sian Fenner က ပြောသွားပါတယ်။

**Source:** https://www.businesstimes.com.sg/.../south-east-asia-gdp-grow...

SFJ Strategy First Journal



## နိုင်ငံပေါင်း ၂၀ ပါဝင်မည့် ရော်ဘာညီလာခံတစ်ခုပြုလုပ်မည်

နိုင်ငံပေါင်း၂၀ကျော်ပါဝင်မည့် အပြည်ပြည်ဆိုင်ရာ ရော်ဘာညီလာခံ တစ်ခုကို မြန်မာနိုင်ငံတွင်ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပ သွားမည်ဖြစ်ကြောင်းသိရသည်။ ညီလာခံကျင်းပမှုအတွက် အကြိုသတင်းစာ ရှင်းလင်းပွဲကို စက်တင်ဘာလ ၂၄ ရက်နေ့က ရန်ကုန်မြို့ရှိ ကုန်သည်စက်မှု အသင်းချုပ်၏ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရုံးတွင် ပြုလုပ်ခဲ့သည်။ ဒီညီလာခံကြီးလုပ်တဲ့ရည်ရွယ်ချက်က ကျွန်တော်တို့ ရော်ဘာ သမားတွေရဲ့ မျက်စိကိုဖွင့်ပေးခြင်းပဲဖြစ်ပါတယ်။ ပညာရှင်တွေပဲ သုသေတန စာတမ်းတွေကိုနားထောင်သင့်တာမဟုတ်ပါဘူး။ ခြံရှင်တွေလည်း သုတေသန စာတမ်းတွေကို နားထောင်သင့်တယ်လို့ ကျွန်တော်တို့ကယူဆပါတယ်ဟု မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်း၏ဥက္ကဋ္ဌ ဦးအောင်မြင့်ထူးကဆိုသည်။

အဆိုပါညီလာခံတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၀ မှ ရော်ဘာပညာရှင်များက သုတေသနစာတမ်းများ ဖတ်ခြင်းကို ပြုလုပ်သွားမည်ဖြစ်ပြီး ညီလာခံကိုပြည်တွင်းမှ ရော်ဘာထုတ်လုပ်သူများ ရေရှည်တည်တံ့၍ ခိုင်မာသောနိုင်ငံတကာပေါက်ဈေး ရရှိနိုင်ရန်နှင့်ရေရှည်တည်တံ့သည့် စိုက်ပျိုးရေးခြံ၊ စက်ရုံများ ခိုင်ခိုင်မာမာပေါ်ပေါက်လာစေရေးအတွက်ရှေ့ရှု၍ ဆောင်ရွက်ခြင်း ဖြစ်ကြောင်းသိရသည်။ နိုင်ငံအလိုက် ထုတ်ထားတဲ့မျိုးတွေ၊ ဒီမျိုးတွေရဲ့ အားနည်းချက်၊ အားသာချက် ၊ အထွက်နှုန်း ဒါတွေကို ဖတ်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့ဆီမှာစိုက်တဲ့မျိုးတွေကဘယ်မျိုးက ဆက်စိုက်သင့်တယ်။ မစိုက်သင့်ဘူးဆိုတဲ့ အသိတွေ ရမယ်။ ဖတ်မဲ့စာတမ်းတွေက စနစ်တကျ ရာဘာခြံထိန်းသိမ်းမှုတို့၊ အစေးထုတ်မှုတို့စသဖြင့်ပေါ့၊ ဒါတွေပါမယ်ဟု မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ အတွင်းရေးမှူး ဦးခိုင်မြင့်ကဆိုသည်။

ညီလာခံကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုး ထုတ်လုပ်သူများအသင်းတို့ပူးပေါင်းကာ လာမည့် နိုဝင်ဘာလ ၃၀ ရက်နေ့မှ အောက်တိုဘာ (၁) ရက်နေ့အထိ နေပြည်တော်၊ မင်္ဂလာသီရိဟိုတယ်တွင် ကျင်းပပြုလုပ်သွားမည်ဟုသိရသည်။

**Source:** http://www.mizzimaburmese.com/article/60792



## ထန်းအတွက် အတိုင်ပင်ခံ၏ခြေလှမ်း

ဒေါ်အောင်ဆန်းစုကြည်သည် ထန်းလျက်လုပ်ငန်း ဖွံ့ဖြိုးရန် ယခင်ကတည်းကဆန္ဒပြင်းပြပြီး စီပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများ၌ ထန်းလျက်လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် အစဉ်အားပေးကြောင်း ၎င်းကဆိုသည်။ ထန်းလျက်သည် မြန်မာနိုင်ငံအတွက် ပြိုင်စံရှားအစား အစာဖြစ်ပြီး မြန်မာရိုးရာမုန့်မျိုးစုံပြုလုပ်ရာတွင် ထန်းလျက် သည် မပါမဖြစ်ထည့်ဝင်ပစ္စည်းဖြစ်သည်။ ထိုမျှမကသေး ပေ။ ကမ္ဘာ့သကြားဈေးကွက်တွင် တန်ဖိုးအကြီးဆုံး မေပယ်သကြားကဲ့သို့ ထန်းရည်ချိုမှ ထန်းသကြားထုတ်လုပ်နိုင်သည်။

မေပယ်သကြားကို မေပယ်ပင်၏ ပင်ရည် (သို့မဟုတ်) အစေးမှ ထုတ်ယူချက်လုပ်ပြီး တစ်ပိဿာလျှင် ကျပ်တစ်သိန်းဝန်းကျင်ဈေးပေါက်ကြောင်း အင်ပင်မြို့တွင် ထန်းလျက်သကြားထုတ်လုပ်နေသည့် ဦးမောင်မောင်စိုးကဆိုသည်။

ကြိုးစားရင် ကြိုးစားသလောက် အခွင့်အလမ်းကအများကြီးပဲ။ ထန်းပင်ဆိုတာ နိုင်ငံတကာရှိတာမဟုတ်ဘူး။ ရှိတယ်ဆိုရင်တောင် ထန်းတက်သမားတက်လို့ အဆင်ပြေအောင် စုပေါက်တာမဟုတ်ဘူးဟု ၎င်းကပြောဆိုသည်။ လက်ရှိတွင် မြန်မာထန်းလျက်သည် တစ်ပိဿာလျှင် ၁၃၀၀ ကျပ်ဝန်းကျင်သာရှိပြီး ထန်းလျက်သကြားအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ပါက ဈေးနှုန်းဆယ်ဆအထိ ပိုမိုရရှိနိုင်ကြောင်း ၎င်းကဆိုသည်။ ဦးမောင်မောင်စိုးသည် Green Toddy အမှတ်တံဆိပ်ဖြင့် ထန်းသကြားထုတ်လုပ်နေပြီး အစားအသောက်နှင့်ဆေးဝါးများကွပ်ကဲရေးဌာန (FDA) ထောက်ခံချက်ရရှိပြီးပါက ဈေးကွက်သို့ ဖြန့်ဖြူးရန် ပြင်ဆင်နေသူဖြစ်သည်။

**Source:**https://voicejournalmm.com/archives/21468?fbclid=IwAR2_yuU151Ch10wgEobKUzK2VIq3ccyFus2kt3X0fOhrVSHne7r9hl2UxOg

## ကမ္ဘာ့ရေနံဈေး တစ်စည် ၅၈ ဒေါ်လာဝန်းကျင်သို့ ပြန်ကျလာသော်လည်း ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ ဆက်တက်နေပြီး ၁၀ ရက်အတွင်း တစ်လီတာ ကျပ် ၅၀ အထိ မြင့်တက်



ကမ္ဘာ့ရေနံဈေး ၅၈ ဒေါ်လာဝန်းကျင်သို့ ပြန်ကျလာသော်လည်း ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ ဆက်တက်နေပြီး ၁၀ ရက်အတွင်း ကျပ် ၅၀ အထိ ဆက်လက်မြင့်တက်ခဲ့ကြောင်း စက်သုံးဆီအရောင်းဆိုင်များ၏ နေ့စဉ်ရောင်းချနေသော ဈေးနှုန်းများအရသိရသည်။ ကမ္ဘာ့ရေနံဈေးနှုန်း သည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ၇၆ ဒေါ်လာအထိ မြင့်တက်ခဲ့သည်။ ထို့နောက် ရေနံဈေးနှုန်းများ ပြန်လည်ကျဆင်းခဲ့ရာ ဒီဇင်ဘာ ၂၄ ရက်တွင် ၄၂ ဒေါ်လာဝန်းကျင်အထိ ရောက်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် ၅၄ ဒေါ်လာဝန်းကျင်၊ ဧပြီ ၂၃ ရက်တွင် ၆၆ ဒေါ်လာအထိ ပြန်တက်ခဲ့သည်။ ထို့နောက် ဇွန် ၁၂ ရက်တွင် ၅၁ ဒေါ်လာအထိ ကျဆင်းခဲ့ပြီး ဇူလိုင် ၁၀ ရက်တွင် ဒေါ်လာ ၆၀ ၊ ဩဂုတ် ၇ ရက်တွင် ၅၁ ဒေါ်လာအထိ ပြန်ကျခဲ့သည်။ စက်တင်ဘာ ၁၆ ရက်တွင် ၆၂ ဒေါ်လာဝန်းကျင်အထိ မြင့်တက်ခဲ့ကာ စက်တင်ဘာ ၂၄ ရက်တွင် ၅၈ ဒေါ်လာအထိ ပြန်ကျခဲ့သည်။

ပြည်တွင်းစက်သုံးဆီဈေးနှုန်းသည် ဇန်နဝါရီလဆန်းမှ မေလကုန်ပိုင်းအထိ ခြောက်လနီးပါးအတွင်း တစ်လီတာ ကျပ် ၁၆၀ မှ ၂၅၅ ကျပ်အထိ ဆက်တိုက်မြင့်တက်ခဲ့ပြီး စက်သုံးဆီအမျိုးအစားအလိုက် ၁၈ ရာခိုင်နှုန်းကျော်မှ ၃၆ ရာခိုင်နှုန်းကျော်အထိ မြင့်တက်ခဲ့သည်။ ထို့နောက် ကမ္ဘာ့ရေနံဈေး ကျဆင်းမှုကြောင့် မေ ၃၀ ရက်မှ ဇွန် ၂၁ ရက် အတွင်း စက်သုံးဆီ အမျိုးအစားအလိုက် ၁၁ ရာခိုင်နှုန်းကျော်မှ ၁၄ ရာခိုင်နှုန်းကျော်အထိ ပြန်လည်ကျဆင်းခဲ့သည်။ ဇွန် ၂၁ ရက်မှ ဇူလိုင် ၁၉ ရက်အထိ စက်သုံးဆီဈေးနှုန်းများ သုံးရာခိုင်နှုန်းကျော်မှ လေးရာခိုင်နှုန်းကျော်အထိ ပြန်တက်ခဲ့သည်။ ဇူလိုင် ၁၉ ရက်မှ ဩဂုတ် ၁၀ ရက်အတွင်း သုံးရာခိုင်နှုန်းကျော်မှ ငါးရာခိုင်နှုန်းကျော်အထိ ဈေးနှုန်းများပြန်ကျလာပြီး ဩဂုတ် ၁၅ ရက်မှစတင်ကာ ဈေးအနည်းငယ်ပြန်တက်လာခြင်းဖြစ်သည်။ စက်တင်ဘာ ၂၄ ရက်တွင် ပြည်တွင်း စက်သုံးဆီဆိုင်အချို့တွင် ရောင်းချနေသော ဈေးနှုန်းမှာ ဒီဇယ်တစ်လီတာ ကျပ် ၉၆၀ (တစ်ဂါလန် ၄၃၆၄ ကျပ်)၊ ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၉၇၀ (တစ်ဂါလန် ၄၄၀၉ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ၈၆၅ ကျပ် (တစ်ဂါလန် ၃၉၃၂ ကျပ်) အောက်တိန်း 95 Ron တစ်လီတာ ၉၅၅ ကျပ် (တစ်ဂါ လန် ၄၃၄၁ ကျပ်) ဖြစ်ပြီး ဩဂုတ် ၁၄ ရက် ဈေးထက် တစ်လီတာ ကျပ် ၈၀ အထိ၊ စက်တင်ဘာ ၁၅ ရက်ဈေးထက် တစ်လီတာ ကျပ် ၅၀ အထိမြင့်တက်လာခဲ့သည်။

ဒေါ်လာဈေးနှင့် ကမ္ဘာ့ရေနံဈေးနှုန်းအပြိုင်မြင့်တက်ခဲ့သည့် ၂၀၁၈ ခုနှစ် ဇွန်လမှအောက်တိုဘာအထိ လေးလကျော် အတွင်း ပြည်တွင်းစက်သုံးဆီဈေးနှုန်း ၂၁ ရာခိုင်နှုန်း ကျော်အထိ မြင့်တက်ခဲ့ပြီး တစ်လီတာ စံချိန်တင်ဈေးနှုန်းများအနေဖြင့် ၂၀၁၈

ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် 92 Ron ၁၀၆၅ ကျပ်၊ 95 Ron ၁၁၁၅ ကျပ်၊ ဒီဇယ် ၁၀၉၅ ကျပ်၊ ပရီမီယံဒီဇယ် ၁၁၀၅ ကျပ်အထိဖြစ်ပေါ်ခဲ့သည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် စံချိန်တင်စျေးနှုန်းနောက် ပိုင်း ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် အနိမ့် ဆုံးစျေးနှုန်းအဖြစ် ဒီဇယ်တစ်လီတာ ကျပ် ၈၅၀ (တစ်ဂါလန် ၃၈၅၉ ကျပ်) ပရီမီယံဒီဇယ်တစ်လီတာ ကျပ် ၈၅၅ (တစ်ဂါလန် ၃၈၈၁ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ၆၇၀ ကျပ် (တစ်ဂါလန် ၃၀၄၁ ကျပ်) အောက်တိန်း 95 Ron တစ်လီတာ ၇၃၀ ကျပ် (တစ်ဂါလန် ၃၃၁၄ ကျပ်) အထိ ကျဆင်းခဲ့သည်။

၂၀၁၉ ခုနှစ်အတွင်း လအလိုက်၊ စက်သုံးဆီစျေးနှုန်း(လီတာ)များအလိုက် မြင့်တက်ခဲ့သော ပမာဏများမှာ ဇန်နဝါရီတွင် ၂၅ ကျပ်မှ ကျပ် ၆၀ အထိ၊ ဖေဖော်ဝါရီတွင် ကျပ် ၄၀၊ မတ် တွင် ၅၅ ကျပ်မှ ကျပ်၈၀ အထိ၊ ဧပြီတွင် ၃၅ ကျပ်မှ ၆၅ ကျပ်အထိ စျေးနှုန်းများ ဆက်လက်မြင့်တက်ခဲ့ပြီး မေတွင်အတက်အကျနည်းပါး ခဲ့ကာ ဇွန်လ (၂၁ ရက်အထိ)တွင် ကျပ် ၁၁၀ မှ ကျပ် ၁၃၀ အထိ ပြန်လည်ကျဆင်းခဲ့သည်။ ဇွန် ၂၁ မှ ဇူလိုင် ၁၅ အတွင်း တစ်လီတာ ၃၅ ကျပ် ပြန်လည်မြင့်တက်ခဲ့ပြီး၊ ဇူလိုင် ၁၉ ရက်မှ ဩဂုတ် ၁၀ ရက်အထိ တစ်လီတာ ၃၅ ကျပ်မှ ကျပ် ၅၀ အထိ ပြန်လည်ကျဆင်းခဲ့ကာ ဩဂုတ် ၁၄ ရက် မှ စက်တင်ဘာ ၂၄ ရက် အထိ တစ်လီတာ ကျပ် ၁၃၀ အထိ ပြန်တက်ခဲ့ခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/136557

## ကုန်သွယ်ရေးတိုးတက်မှု အလားအလာအကောင်းဆုံး ကမ္ဘာ့ထိပ်သီးနိုင်ငံ ၂၀ ထဲမှာ အာဆီယံငါးနိုင်ငံပါဝင်

အာဆီယံ နိုင်ငံငါးနိုင်ငံဖြစ်တဲ့ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ထိုင်း၊ စင်ကာပူနဲ့ ဖိလစ်ပိုင်တို့ကတော့ ကုန်သွယ်ရေးတိုးတက်မှု အလားအလာအကောင်းဆုံး ကမ္ဘာ့ထိပ်သီးနိုင်ငံ ၂၀ ထဲမှာ ပါဝင်နေလျက်ရှိတယ်လို့ သိရပါတယ်။ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ထိုင်း၊ စင်ကာပူနဲ့ဖိလစ်ပိုင်တို့ကတော့ ကုန်သွယ်ရေးတိုးတက်နိုင်မှုအတွက် ရေရှည်ခိုင်မာတဲ့ အလားအလာတွေကို ဆက်လက်ပြသနေနိုင်လျက် ရှိကြောင်း Standard Chartered Bank (StanChart) က ထုတ်ပြန်တဲ့ သုတေသနတစ်ခုမှာ ဖော်ပြပါတယ်။

အဆိုပါ Trade20 စစ်တမ်းလေ့လာချက်မှာတော့ နိုင်ငံပေါင်း ၆၆ နိုင်ငံအပေါ်စံနှုန်း ၁၂ ခုနဲ့ ခွဲခြမ်းလေ့လာခဲ့တာ ဖြစ်ပါတယ်။ စီးပွားရေးစွမ်းအား၊ ကုန်သွယ်မှုဆိုင်ရာအသင့်ဖြစ်မှု၊ ပို့ကုန်ဖြန့်ကျက်ခွဲထုတ်နိုင်မှုဆိုတဲ့ အဓိကသုံးချက်နဲ့ စိစစ် လေ့လာထုတ်ပြန်ခဲ့တာဖြစ်တယ်လို့သိရပါတယ်။ ယခုကုန်သွယ်ရေးတိုးတက်မှု အလားအလာအကောင်းဆုံးကမ္ဘာ့ ထိပ်သီးနိုင်ငံ ၂၀ ထဲမှာ ထိပ်ဆုံးမှာ အိုင်ဗရီကို့စ်နိုင်ငံရှိနေပြီး ယင်းရဲ့နောက်မှာတော့ အိန္ဒိယ၊ ကင်ညာ၊ တရုတ်၊ အိုင်ယာလန်၊ ဗီယက်နမ် ၊ အင်ဒိုနီးရှား၊ ထိုင်း၊ အီုမန်နဲ့ ပူအေအီးတို့ရှိနေပါတယ်။ စင်ကာပူကတော့ အဆင့် ၁၆ နဲ့ ဖိလစ်ပိုင် တို့က အဆင့် ၂၀ မှာရှိနေပါတယ်။

**Source:** https://www.businesstimes.com.sg/.../singapore-in-worlds-top-...

SFJ Strategy First Journal

## အာဆီယံနိုင်ငံတွေမှာ ကန်ဒေါ်လာ ၁ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံဖို့ AIIB စီစဉ်

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) နိုင်ငံတွေမှာ ကန်ဒေါ်လာ ၁ ဒသမ ၀၉ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမှာ ဖြစ်ကြောင်း အာရှအခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုဘဏ် (AIIB) က ထုတ်ပြန်လိုက်ပါတယ်။ AIIB အနေနဲ့ အဆိုပါ အာဆီယံနိုင်ငံတွေက စီမံကိန်းပရောဂျက် ၆ ခုမှာ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဆောင်သွားမှာဖြစ်ကြောင်း AIIB ဥက္ကဌ Jin Liqun က ပြောပါတယ်။ ဒါဟာ တရုတ်၊ အာဆီယံနဲ့ အခြားသော အာရှ နိုင်ငံတွေအကြား အပြန်အလှန် ချိတ်ဆက် ဆက်သွယ်မှုကို မြှင့်တင်ရေးမှာ AIIB အနေနဲ့ ပိုမို ကြီးမားတဲ့ အခန်းကဏ္ဍကနေပါဝင်မှာဖြစ်ကြောင်း Jin က Nanning မြို့မှာ ကျင်းပခဲ့တဲ့၁၆ ကြိမ်မြောက် တရုတ်- အာဆီယံ Expo မှာ ပြောကြားသွားခဲ့ပါတယ်။

ပြီးခဲ့တဲ့ လေးနှစ်အတွင်း AIIB အနေနဲ့ အာဆီယံနိုင်ငံခြောက်နိုင်ငံက ပရောဂျက် ဆယ်ခုမှာ စုစုပေါင်း ကန်ဒေါ်လာ ၁ ဘီလီယံ အထိ ရင်းနှီးမြှုပ်နှံထားပြီးဖြစ်ကြောင်း Jin က ပြောပါတယ်။ ၂၀၁၆ ခုနှစ်က လုပ်ငန်းစတင်ခဲ့ပြီးနောက် ယင်းဘဏ်အနေနဲ့ ယင်းရဲ့အဖွဲ့ဝင် ၁၈ ခုအတွက် ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ ချေးငွေ ပရောဂျက် ၄၆ ခုကို အတည်ပြုပေးထားပြီးဖြစ်ကြောင်းသိရပါတယ်။

**Source:** http://www.xinhuanet.com/english/2019-09/22/c_138412745.htm

SFJ Strategy First Journal

## ဥရောပ ဒေတာစင်တာတွေမှာ ဒေါ်လာ ၃ ဘီလီယံကျော် Google ရင်းနှီးမြှုပ်နှံမည်




လာမယ့် နှစ်နှစ်အတွင်း ဥရောပဒေသရှိ ဒေတာစင်တာတွေမှာ ကန်ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံ (ယူရို ၃ ဘီလီယံ) ခန့် ရင်းနှီးမြှုပ်နှံမှာဖြစ်ကြောင်း အမေရိကန်နည်းပညာကုမ္ပဏီ Google က ထုတ်ပြန်ပါတယ်။ ဖင်လန်နိုင်ငံ Hamina မြို့က Google ရဲ့ ဒေတာစင်တာတွေကို ချဲ့ထွင်ဖို့အတွက် လာမယ့်နှစ်မှာ နောက်ထပ်ယူရို သန်း ၆၀၀ ရင်းနှီးမယ်လို့လည်း ယင်းကုမ္ပဏီက ပြောပါတယ်။ ယခုလို အစီအစဉ်တွေကြောင့် ဥရောပဒေသ အင်တာနက် အခြေခံအဆောက်အအုံပိုင်းမှာ Google ရဲ့ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးကို ၂၀၀၇ နောက်ပိုင်း ယူရို ၁၅ ဘီလီယံထိ ရောက်ရှိသွားစေမှာဖြစ်ပါတယ်။

လာမယ့်ကာလမှာလည်း သက်ဆိုင်ရာ အစိုးရတွေ၊ ပူးပေါင်းပါဝင်ပတ်သက်သူတွေနဲ့အကြားလက်တွဲလုပ်ဆောင်သွားမှာဖြစ်ပါတယ်၊ အားကောင်းပြီး ရေရှည်တည်တံ့တဲ့ ဒစ်ဂျစ်တယ် စီးပွားရေးကနေ ဥရောပဒေသကလူတစ်ဦးချင်းစီတိုင်းအတွက် အကျိုးရှိစေဖို့ လုပ်သွားမှာဖြစ်ပါတယ်လို့ Google စီအီးအို Sundar Pichai က ပြောပါတယ်။ ဆက်လက်ပြီး ကုမ္ပဏီအနေနဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍမှာလည်း အဓိကကျတဲ့ရင်းနှီးမြှုပ်နှံမှုတွေလုပ်နေကြောင်း Pichai က ထပ်လောင်းပြောသွားခဲ့ပါတယ်။

**Source:** https://www.cnet.com/.../google-to-invest-3-3-billion-in-eur.../

SFJ Strategy First Journal

## ဖရဲသီးတစ်တန်လျှင် ယွမ်ငွေ ၆၀၀ ခန့်အထိ ဈေးလျှော့ကျခဲ့



တရုတ်နိုင်ငံသို့တင်ပို့ရောင်းချသည့် ဖရဲသီးများကို လက်ကားစနစ်မှ လက်လီစနစ်သို့ ပြောင်းလဲရောင်းချနေရသောကြောင့် ဖရဲတစ်တန်လျှင် တရုတ်ငွေယွမ် ၁၃၅၀၀ မှ ယွမ် ၉၀၀ အထိ ဈေးကျဆင်းသွားကြောင်း မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်ရှိ ဖရဲကုန်သည်များထံမှသိရသည်။ စက်တင်ဘာလဒုတိယပတ်က တစ်တန်လျှင် ယွမ်ငွေ ၁၅၀၀ အထိ ပေါက်ဈေးရှိခဲ့သော်လည်း စက်တင်ဘာ ၂၂ ရက်တွင် ဖရဲအမျိုးအစားပေါ်မူတည်၍ ယွမ်ငွေ ၅၀၀ မှ ၉၀၀ ဝန်းကျင်အထိသာပေါက်ဈေးရှိကြောင်း အဆိုပါ ကုန်သည်များက ပြောဆိုသည်။ မူဆယ်ကုန်သွယ်ရေးဇုန်မှာ အရင်က တက်ဟုန်းပြည်နယ်ရဲ့ ဝမ်တိန်ဖရဲကွင်းဆိုတာ ဖရဲကားတွေကို ကားချိန်းတဲ့နေရာပါ။ အခုအချိန်မှာတော့ ကားအစီးလိုက်မရောင်းရဘဲ တစ်တန်လာဝယ်ရင် ထရောင်းလိုက်၊ အလုံး ၃၀၀ လိုချင်ရင်လည်းရောင်းလိုက်နဲ့ လက်လီအရောင်းစနစ်ဖြစ်နေပါတယ်ဟု မိန်မိန်းသစ်သီးပွဲရုံမှ တာဝန်ရှိသူတစ်ဦးကပြောဆိုသည်။

လက်ရှိတွင် မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်သို့ တစ်ရက်လျှင် ဖရဲကားအစီးရေ ၁၀ စီးဝန်းကျင် ပုံမှန်ဝင်ရောက်ပြီး အချို့ရက်များတွင် အစီး ၂၀ ခန့်အထိဝင်ရောက်သော်လည်း အရည်အသွေးကောင်းသည့်အသီးမှာ ကားစီးရေထက်ဝက်ပင်မရှိကြောင်း ၎င်းကပြောဆိုသည်။ ထို့အပြင် မူဆယ် ၁၀၅ မိုင်သို့ရောက်ရှိလာသည့်ဖရဲသီးများကို ရက်ကြာကြာရောင်းချနေရပြီး ဖရဲသီးဈေးကွက်အခြေအနေအရ နယ်စပ်မှတစ်ဆင့် ဖရဲတင်ပို့ရောင်းချမည့် တောင်သူများ၊ ကုန်သည်များအနေဖြင့် ဖရဲ ၁၆ တန်ကားတစ်စီးလျှင် ဖရဲသီးဝယ်စရိတ်၊ အလုပ်သမားစရိတ်၊ ကားခ၊ ဂျူတီ၊ လုပ်သားခနှင့်ပွဲခများ ထည့်သွင်းတွက်ချက်ပါက အရှုံး ပေါ်နိုင်ခြေရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/128803.html

## မြင်းခြံဒေသမှ ဖရဲသီးစိုက်ခင်းများ ယခုရက်ပိုင်းတွင် အရောင်းအဝယ်အနည်းငယ်ပြန်ဖြစ်လာ

မြင်းခြံဒေသမှ ဖရဲသီးစိုက်ခင်းများ ယခုရက်ပိုင်းတွင် အရောင်းအဝယ်အနည်းငယ်ပြန်ဖြစ်လာကြောင်း ဖရဲစိုက်တောင်သူများထံမှသိရသည်။ ဖရဲသီးစပေါ်အချိန်မှာ ဈေးကွက်ပျက်ခဲ့တဲ့ဖရဲသီးတွေ ပြီးခဲ့တဲ့လေးရက်လောက်ကစပြီး အရောင်းအဝယ်အနည်းငယ်ပြန်ဖြစ်လာတယ်။ ခူးဆွတ်ပြီးသားတွေကတော့ အရောင်းအဝယ်သိပ်မဖြစ်ဘူး။ အခုရက်ပိုင်း အရောင်းအဝယ်ဖြစ်တာက ယာခင်းထဲမှာရှိတဲ့ ဖရဲသီးတွေကို ယာခင်းပြတ်တွေ ဝယ်ယူမှုများလာတယ်။ ယာခင်းထဲမှာဆိုတော့ ဈေးနှုန်း

အတက်အကျစောင့်လို့ရတယ်။ ဈေးနှုန်းကတော့ အမျိုးမျိုးပဲ။ စိုက်တဲ့ကေအကျယ်အဝန်း၊ ဖရဲသီးအမျိုးအစား၊ ယာခင်းထဲမှာရှိတဲ့ ဖရဲသီးအနေအထားအပေါ်မူတည်ပြီး ဈေးနှုန်းကွာခြားသွားတာပါ။ ကျွန်တော်တို့ရွာမှာ ပြီးခဲ့တဲ့ရက်ပိုင်းက ဖရဲစိုက်ခင်း တစ်ဧကကို ငွေကျပ်နှစ်သိန်း မှ လေးသိန်းအထိ အရောင်းအဝယ်ဖြစ်ခဲ့တယ်။ စပေါ်ချိန်ကတည်းက အရောင်းအဝယ်မဖြစ်ခဲ့တာ။ ပြီးခဲ့တဲ့လေးရက်လောက်ကစပြီး အရောင်းအဝယ်ဖြစ်လာတော့ ဈေးနှုန်းကလည်း တစ်ရက်နဲ့တစ်ရက် မြင့်တက်လာတယ်။ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေလာရင် ဒီထက်ကောင်းမယ့် အနေအထားမှာရှိပါတယ်ဟု ဖရဲစိုက်တောင်သူ ဦးငွေကြိုင်ကပြောသည်။ ကျွန်တော်တို့ဒေသမှာတော့ ဖရဲသီးအမျိုးအစားနှစ်မျိုးစိုက်တယ်။ (၂၁၁) ဒုံးကျည်အလုံးသေးမျိုးနဲ့ (၈၅၅) ဘေးကြား အလုံးကြီးမျိုးတို့ဖြစ်တယ်။ ကုန်ကျစရိတ်ကတော့သိပ်မကွာဘူး။ တစ်ဧကကို ငွေကျပ်နှစ်သိန်းဝန်းကျင်လောက်ကုန်တယ်။ မြေဩဇာရမ်းပြီး စိုက်တဲ့သူဆိုရင် ဒီထက်ပိုကုန်တယ်။ ဒီနှစ် ဖရဲစိုက်တောင်သူတွေကတော့ အရင်းရှုံးတဲ့သူလည်းရှိတယ်။ အရင်းပဲပြန်ရတဲ့သူလည်းရှိတယ်။ အခုရက်ပိုင်း အရောင်းအဝယ်ဖြစ်ခဲ့တဲ့သူတွေထဲမှာတော့ အမြတ်ရတဲ့သူတွေလည်းရှိတယ်ဟု ၎င်းကဆက်လက်ပြောပြသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2022967267943771

## တရုတ်သို့ MoU စနစ်ဖြင့် ဆန်ကွဲအကန့်အသတ်မရှိ တင်ပို့ မည်

တရုတ်နှင့်ပြန်ချုပ်မည့် နားလည်မှုစာချွန်လွှာ (MoU)အရ ဆန်ကွဲအကန့်အသတ်မရှိတင်ပို့နိုင်မည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးကပြောသည်။ ပြန်ပြင်ချုပ်တဲ့အခါမှာအရင်တုန်းက ကျွန်တော်တို့ကဆန်ကိုပဲပို့လို့ရတယ်။ ဒါပေမယ့် အခုပြန်ပြင်ချုပ်မယ့် စာချုပ်မှာဆိုရင်တော့ ဆန်ကွဲကိုပို့လို့ရမယ်။ အဲ့လိုဆန်ကွဲကိုပို့မယ်ဆိုရင် ဆန်ကွဲရဲ့ပမာဏက အကန့်အသတ်မရှိဘူးဟု ဒုဝန်ကြီးအောင်ထူးကပြောသည်။ ယနေ့မွန်းလွဲပိုင်းတွင်နေပြည်တော်၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ပြုလုပ်သောဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သုံးသပ်တင်ပြရေးလုပ်ငန်းကော်မတီ အစည်းအဝေးအပြီးတွင်မီဒီယာများကိုပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရေးအတွက် ချုပ်ဆိုထားသော MoU စာချုပ်ပါ ဆန်ကိုယ်တာကို အောက်တိုဘာလနောက်ပိုင်းတွင်း ပြန်လည်ပြင်ဆင်ချုပ်ဆိုလေ့ရှိပြီး စာချုပ်တွင်ဆန်ကွဲတင်ပို့ခွင့်ရတော့မည်ဟုသိရသည်။ ကျနော်တို့ပို့ချင်သလောက် ပို့လို့ရမယ့်သဘောရှိပါတယ်။ ဆိုတော့ဆန်ကွဲကလည်း အများကြီးထွက်သွားနိုင်တယ်ဟု ဒုဝန်ကြီးဦးအောင်ထူးကပြောသည်။

**Source:** https://www.facebook.com/thespeakernewsjournal/posts/544560815947367

## ဘတ်ငွေတန်ဖိုးအားကောင်းမှုက ထိုင်းဆန်တင်ပို့ မှုအပေါ် ထိခိုက်

ဘတ်ငွေတန်ဖိုးအားကောင်းမှုကြောင့် ထိုင်းနိုင်ငံရဲ့ဆန် တင်ပို့မှုတွေဟာ လျာထားချက်တွေကို ပြည့်မီနိုင်ဖွယ်မရှိတော့ဘူးလို့ သိရပါတယ်။ ဘတ်ငွေ အားကောင်းမှုကြောင့် ကမ္ဘာ့ဈေးကွက်ထဲမှာ ယှဉ်ပြိုင်နိုင်စွမ်းကိုလည်း အားလျော့စေခဲ့တယ်လို့ သိရပါတယ်။ ထိုင်းနိုင်ငံရဲ့ ဆန်တင်ပို့မှုဟာ ယခုနှစ်မှာ တန်ချိန် ၈ သန်းအောက်အထိ လျော့ကျသွားနိုင်ကြောင်း ထိုင်းဆန်စပါးတင်ပို့သူများအသင်းရဲ့ ဂုဏ်ထူးဆောင်ဥက္ကဌ Chookiat Ophaswongse က ပြောကြား လိုက်ပါတယ်။

ဒါ့အပြင် ဘတ်ငွေ တန်ဖိုး ဆက်လက်အားကောင်းနေခြင်းကလည်း ထိုင်းဆန်တွေကို အခြားနိုင်ငံထွက် ဆန်တွေထက် ပိုဈေးကြီးစေဖို့ရှိနေပါတယ်။ ပုံမှန်အားဖြင့် ထိုင်းရဲ့ဆန် ပြည်ပတင်ပို့မှုဟာ တစ်နှစ်ကိုတစ်ချိန် ၁၀ သန်း ခန့် ပျမ်းမျှ ရှိပေမယ့် ယခုနှစ်မှာတော့ ယင်းကို ပြည့်မီနိုင်ဖို့ အလားအလာ အားနည်းနေခဲ့တာဖြစ်ပါတယ်။

**Source:** https://www.bangkokpost.com/…/strong-baht-battering-rice-sh…

SFJ Strategy First Journal

## ကုန်သွယ်ရေးစစ်ကြောင့် ဆင်းရဲနွမ်းပါးသူတွေရဲ့ ဒုက္ခတွေကို ပိုဆိုးစေနိုင်ဟု Bill Gates သတိပေး

လက်ရှိ အမေရိကန်နဲ့တရုတ်အကြားက ကုန်သွယ်ရေးတင်းမာမှုတွေက ကမ္ဘာတစ်ဝှမ်းဆင်းရဲနွမ်းပါးမှုနဲ့ ကူးစက်ရောဂါဝေဒနာတွေကို တိုက်ဖျက်ဖို့ ရည်ရွယ်တဲ့ ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်တွေအပေါ် သက်ရောက်ထိခိုက်စေဖွယ်ရာရှိကြောင်း ကမ္ဘာ့အချမ်းသာဆုံး သူဌေးကြီးတစ်ဦးဖြစ်တဲ့Bill Gates က သတိပေးလိုက်ပါတယ်။ ကုန်သွယ်ရေးစစ်က ကမ္ဘာပေါ်က ဆင်းရဲနွမ်းပါးသူတွေကြုံတွေ့နေရတဲ့ အတိဒုက္ခတွေကိုသာ ဆိုးစေနိုင်ရုံမက အခြားသောကမ္ဘာလုံးဆိုင်ရာယိုယွင်းမှု

တွေကိုပါ ဖြစ်စေနိုင်ကြောင်း Bill & Melinda Gates ဖောင်ဒေးရှင်းရဲ့ပူးတွဲဥက္ကဋ္ဌ Gates က ပြောသွားပါတယ်။ သူဌေးကြီး Gates ကတော့ အဆိုပါဖောင်ဒေးရှင်းကို ၂၀၀၀ ပြည့်နှစ်က တည်ထောင်ခဲ့တာဖြစ်ပြီး ကမ္ဘာပေါ်က လူတွေအတွက် ကျန်းမာပြီးထုတ်လုပ်နိုင်စွမ်းရှိဘဝတွေကို ဦးတည်စေနိုင်အောင် ကူညီဖို့ရည်ရွယ်တည်ထောင်ထားတာဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ယခုနောက်ပိုင်းမှာ အမေရိကန်နဲ့တရုတ်အကြား အပြုသဘောဆောင် အကျိုးရှိဆက်ဆံမှုတွေကို မြင်လာရခြင်းက ယင်းနှစ်နိုင်ငံစလုံးအတွက် ကောင်းကျိုးရစေရုံသာမက အဓိကကျတဲ့ ကမ္ဘာ့ရေးရာ ပြဿနာတွေကို ကိုင်တွယ်ရာမှာ တိုးတက်မှုတွေဖြစ်စေနိုင်တယ်လို့ Gates က မကြာသေးမီက သတင်းထောက်တွေကို ပြောသွားပါတယ်။ လက်ရှိမှာတော့ အမေရိကန်နဲ့ တရုတ်အကြား ကုန်သွယ်ရေးစစ်ကြောင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှုကြီးတစ်ခုဆီ ဦးတည်သွားစေနိုင်တဲ့အပေါ် စိုးရိမ်ပူပန်မှုတွေမြင့်တက်နေလျက်ရှိပါတယ်။

**Source:** https://www.nationthailand.com/ann/30376394

SFJ Strategy First Journal

## မြန်မာ့စပါး နိုင်ငံခြားသွားရတော့မည်

စပါးကိုစပါးအတိုင်း နိုင်ငံခြားကိုတင်ပို့ရောင်းချနိုင်ရန်ဆွေးနွေးလျက်ရှိသည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးကပြောသည်။ အထူးအစီအစဉ်တစ်ရပ်အနေနဲ့ ဒီနှစ်မှာ ဆန်လက်ကျန်တွေများနိုင်တဲ့အတွက်မို့လို့ စပါးကိုစပါးအတိုင်းတင်ပို့ဖို့ ထောက်ခံချက်ပေးမယ်ဟု ဒုဝန်ကြီးဦးအောင်ထူးကပြောသည်။ ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ပြုလုပ်သော ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာသုံးသပ်တင်ပြရေး လုပ်ငန်းကော်မတီအစည်းအဝေးအပြီးတွင် မီဒီယာများကို ပြောကြားခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် တင်ပို့မည့်စပါး၏အရည်အသွေးနှင့်ပတ်သက်၍ စံချိန်၊ စံညွှန်းသတ်မှတ်ချက်များကို ဆွေးနွေးလျက်ရှိပြီး အကယ်၍စံချိန်၊ စံညွှန်းမပြည့်မီခဲ့လျှင် ရောင်းသူနှင့်ဝယ်သူတို့ကြား ညှိနှိုင်းဈေးသတ်မှတ်ရန် အကြံပြု ထားသည်ဟု ၎င်းကပြောသည်။

စပါးတင်ပို့မည့် နိုင်ငံများစာရင်းကို အတိအကျမပြောနိုင်သေးသော်လည်း အလွတ်သဘောပြောဆိုထားသည့် နိုင်ငံများရှိပြီးတောင်သူများအနေနှင့်လည်း စပါးကိုစပါးအတိုင်းသာ တင်ပို့နိုင်ရန် တောင်းဆိုထားကြောင်းသိရသည်။ ပမာဏကန့်သတ်မယ်။ အချိန်ကန့်သတ်မယ်။ ဥပမာသုံးလအတွင်းမှာ တင်ပို့ခွင့်ပြုမယ်စသဖြင့်ပေါ့။ နောက်ပြီးတော့ တန်ချိန်ပမာဏဘယ်လောက်ခွင့်ပြုမယ်ပေါ့ဟု ဒုဝန်ကြီးဦးအောင်ထူးကပြောသည်။ လက်ရှိကာလတွင် မြန်မာနိုင်ငံသည် စပါးကိုကြိတ်ခွဲ၍ ဆန်နှင့်စကွဲကိုသာ ပြည်ပသို့တင်ပို့လျက်ရှိသည်။ ထို့အပြင် ဆန်စပါးဈေးကွက်အတွက် အခြေခံဈေးနှုန်းကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၅ရက်နေ့မတိုင်မီထုတ်ပြန်ကြေညာသွားမည်ဟု အထက်ပါကော်မတီမှ သိရသည်။

**Source:** https://www.facebook.com/thespeakernewsjournal/posts/544560815947367

## မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့၌ ထိုင်းဘတ်ငွေဈေး စံချိန်တင်မြင့်တက်လာမှုကြောင့် ကုန်သည်များအဝယ်ရပ်နားထားရ

မြန်မာ-ထိုင်းနယ်စပ် ကရင်ပြည်နယ် မြဝတီမြို့တွင် ထိုင်းဘတ်ငွေဈေး စံချိန်တင်မြင့်တက်လာမှုကြောင့် မြဝတီမှ ကုန်သည်များ ထိုင်းကုန်ပစ္စည်းများ ဝယ်ယူခြင်းမရှိတော့ဘဲ အဝယ်ရပ်နားထားရကြောင်းသိရပါတယ်။ မြဝတီမှာက ထိုင်းကနေပြီး စားကုန်ပစ္စည်းနဲ့ လူသုံးကုန်ပစ္စည်းတွေကို အများဆုံးဝယ်ယူပြီး ပြန် လည်ရောင်းချနေကြတယ်။ အခုတလော ထိုင်းဘတ် ငွေဈေးက စံချိန်တင်မြင့်တက်လာခဲ့တာ ထိုင်း ဘတ် ငွေ ၂၀၀၀ ကို မြန်မာငွေ ကျပ် ၁၀၀၀၀၀ ဖြစ်သွားပြီ၊ အဲဒါ တဖြည်းဖြည်းတက်လာလိုက်တာ ဒီနှစ် စက်တင်ဘာလမှာ ပုံမှန်ဘတ်ဈေးကျရမှာဖြစ်ပေမယ့် မကျတော့ဘဲ ဆက်တက်လာတာက ထူးခြားမှုတစ်ခုလို့ဆိုရမှာပေါ့။ ကျွန်တော်တို့က မဲဆောက်မှာ ခေါက်ပြန်ပေးဈေးဝယ်တယ်။ မြဝတီမှာ မြန်မာငွေနဲ့ ရောင်းပြီး ထိုင်းကိုဘတ်ငွေနဲ့ပြန်ရှင်းရတော့ အခုလိုဘတ်ဈေးမြင့်တဲ့အတွက် အရှုံးပေါ်တာပေါ့။ ဒါကြောင့် ထိုင်းပစ္စည်း ဝယ်ရောင်းနေတဲ့ကုန်သည်တွေ ထိုင်းကုန်တွေကို ဒီနေ့ကစပြီး အဝယ်ရပ်ထားလိုက်ပါပြီဟု မြဝတီမြို့မှ ကုန်သည်တစ်ဦးက ပြောကြားချက်အရသိရပါတယ်။

ယခုအခါမြဝတီမြို့၌ ထိုင်းဘတ်ငွေဈေးစံချိန် တင်မြင့်တက်လာမှုကြောင့် ထိုင်းဘတ်ငွေ ၂၀၀၀ လျှင်မြန်မာငွေကျပ်

၁၀၀၀၀၀ အထိဖြစ်သွားပြီဖြစ်ပါတယ်။ ယခင်လက ထိုင်းဘတ်ငွေ ၂၀၅၀ လျှင် မြန်မာငွေကျပ် ၁၀၀၀၀၀ ဈေးရှိခဲ့ပြီး ယခင်နှစ်က ထိုင်းဘတ်ငွေ ၃၀၀၀ လျှင် မြန်မာငွေကျပ် ၁၀၀၀၀၀ အထိရှိလာခဲ့ပါတယ်။ ဘတ်ဈေးနှုန်းတက်နေတဲ့အတွက် အရင်လတွေထက်အိမ်ကို ငွေပို့ပြီးပို့နိုင်တယ်။ လစာမတိုးပေမယ့် မြန်မာကျပ်ငွေလဲတော့ ဈေးပိုရတာကြောင့် အရင်ထက် ငွေပိုရတဲ့အတွက် အလုပ်လုပ်ရတာပိုပြီးပျော်တယ်ဟု မဲဆောက်မြို့မှ မြန်မာအလုပ်သမား ကိုအေးမောင်က ပြောကြားခဲ့ပါတယ်။ ထိုင်းနယ်စပ်မြဝတီမြို့တွင် တစ်နှစ်လျှင် နှစ်ကြိမ်ခန့်ဘတ်ငွေ ဈေးမြင့်တက်ခဲ့သော်လည်း ယခုလို စက်တင်ဘာလ ရောက်တိုင်း ဘတ်ငွေဈေးပြန်ကျမြဲဖြစ်သော်လည်း ယခုနှစ်တွင် ဘတ်ငွေဈေးပြန်လည်ကျဆင်းမှုမရှိဘဲ ဆက်တိုက်မြင့်တက်လာခြင်းဖြစ်ကြောင်း သိရပါတယ်။

**Source : democracy**

https://www.logisticsguide.com.mm/en/industry-news/local-industry/2352-myanmar-thai-border-bought-traders-in-the-market-due-to-a-record-rise-bahthalt.html?fbclid=IwAR1dCIn6nLOtnwoXkS6dki7lN8de6wNoj7_YQv1eUpHUYb9NDidU3OJeSN0

## ဈေးကွက်အတွင်း ဆန်ကွဲဝင်ရောက်မှု နည်းပါးနေခြင်းကြောင့် ပြည်ပတင်ပို့ ရန် အခက်အခဲကြုံနေ

ဈေးကွက်အတွင်း ဆန်ကွဲဝင်ရောက်မှုနည်းပါးနေခြင်းကြောင့် ပြည်ပတင်ပို့ရန် အခက်အခဲများရှိနေကြောင်း ကုန်သည်များထံမှသိရသည်။ ဖါးတန်းကုန်စည်ဒိုင် အတွင်းရေးမှူး ဦးသန်းဦးက မြဝတီဘက်ကနေ တင်ပို့တာများလာတယ်။ နယ်တွေကနေ မြဝတီဘက်ကို တိုက်ရိုက်ကားတွေနဲ့ တင်ပြီးသွားရောင်းတာကြောင့် ဈေးကွက်ကို ဝင်ရောက်တာနည်းလာတယ်။ အခုလက်ရှိ ဆန်ကွဲကို သင်္ဘောနှစ်စီးတင်ဖို့ အရေးကြီးနေတာကြောင့် ဝယ်ယူနေတာရယ်၊ မြဝတီဘက်ကနေ ထိုင်းကို တင်ပို့ဖို့ရယ်ကြောင့် ဈေးနှုန်းတက်လာတယ်။ သင်္ဘောတင်မယ့်သူတွေအတွက်တော့ ဈေးကွက်ထဲဝင်ရောက်မှု နည်းလာတာကြောင့် စိုးရိမ်နေရတယ်။ ဆန်ကွဲအမျိုးအစားဖြစ်တဲ့ ၁၊ ၂ လို့ ခေါ်တဲ့ အသန့်စတွေကိုအဝယ်လိုက်တယ်။ နယ်စပ်ကုန်သွယ်ရေးမှာ တရုတ်နဲ့အဆင်မပြေတဲ့အပေါ်မှာ ထိုင်းဘက်ကနေ အဆင်ပြေအောင်လုပ်ထားတော့ ဆန်ကွဲသမားတွေတော့ အဆင်ပြေလာတာပေ့ါဟုပြောသည်။

လက်ရှိ ဈေးကွက်အတွင်း ဆန်ကွဲအမျိုး အစားများဖြစ်သည့် ဘီ ၂၊ ၃ နှင့် ၄ (၁၀၈) ပေါင်ရှိ တစ်အိတ်လျှင် ၁၄၅၀၀ ကျပ်မှ ၁၄၆၀၀ ကျပ်၊ ဘီ ၁၊ ၂ တစ်အိတ်လျှင် ၁၅၂၀၀ ကျပ် မှ ၁၅၇၀၀ ကျပ်ကြား၊ ဘီ ၁ (အသန့်) တစ်အိတ်လျှင် ၁၇၀၀၀ ကျပ်အထိ ဈေးရရှိနေကြောင်းသိရသည်။ ဧရာဝတီတိုင်းဒေသကြီး ဆန်စက်ပိုင်ရှင်များအသင်း အတွင်းရေးမှူး ဦးမောင်မောင်ဝင်းက အခုဧရာဝတီမှာ ဆန်ကွဲဈေးတွေမာနေတယ်။ ဆန်ကွဲနဲ့ ဖွဲနုဈေးတွေ တက်လာတော့ ဒါကနေ စပါးဈေး ကျဆင်းနေတာကို ပြန်ပြီးတော့ ဈေးမာလာအောင် အထောက်အကူပြုလာစေတယ်။ မြဝတီဘက်ကို ဆန်ကွဲသွားတာက အဆင်ပြေနေတော့ စက်ပိုင်၊ ကုန်သည်တွေအတွက် ကုန်ကြမ်းတော့ရှာရတာပေ့ါဟုပြောသည်။ လက်ရှိဘဏ္ဍာနှစ် (၂၀၁၈ ခုနှစ် အောက်တိုဘာမှ ၂၀၁၉ ခုနှစ် ဩဂုတ်လ) အထိ ဆန်ကွဲကို နိုင်ငံပေါင်း ၄၁ ခုသို့ မက်ထရစ်တန်ချိန် ငါးသိန်းကျော် တင်ပို့မှုမှ ကန်ဒေါ်လာ ၁၂၀ ကျော် ရရှိထားကြောင်းသိရသည်။ မြန်မာ့ဆန်ကွဲကို နိုင်ငံပေါင်း ၅ ခုသို့ အများဆုံးတင်ပို့နေပြီး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မက်ထရစ် တန်ချိန် ၂၉၀၀၀၀ ကျော် တင်ပို့မှုမှ ကန်ဒေါ်လာ ၅၅ သန်းကျော်၊ အင်ဒိုနီးရှားသို့ တန်ချိန် ၉၀၀၀၀ ကျော် တင်ပို့မှုမှ ကန်ဒေါ်လာ ၂၅ သန်းကျော်၊ တရုတ်သို့ (ပင်လယ်ရေကြောင်း) တန်ချိန် ၂၅၀၀၀ ကျော် တင်ပို့မှုမှ ကန်ဒေါ် လာ ၆ သန်းကျော်၊ နယ်သာလန်သို့ တန်ချိန် ၂၄၀၀၀ ကျော် တင်ပို့မှုမှ ကန်ဒေါ်လာ ၆ သန်းကျော်နှင့် ယူနိုက်တက်ကမ်းဒမ်းသို့ တန်ချိန် ၂၂၀၀၀ ကျော် တင်ပို့မှုမှ ကန်ဒေါ်လာ ၅ သန်းကျော် အသီးသီးရရှိထားကြောင်းသိရသည်။

**Source:**https://www.facebook.com/amiamyanmar/posts/2456651777753637?__tn__=K-R

## စစ်ကိုင်းတိုင်းဒေသကြီးတွင် GAP နည်းဖြင့် စိုက်ပျိုးထုတ်လုပ်သည့် ဖရဲ၊ သခွားဧက ၁၀၀ ခန့် စီရေ့ပြေးစီမံကိန်းအဖြစ်ဖော်ဆောင်မည်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ GAP အသိအမှတ်ပြု လက်မှတ်ရ ဖရဲ၊ သခွား စိုက်ပျိုးထုတ်လုပ်မှုများ ဖော်ထုတ်ကာ ဈေးကွက်အခွင့်အလမ်း ပိုမိုရရှိစေရန် ဧက ၁၀၀ ခန့်အား ရှေ့ပြေးစီမံကိန်းအဖြစ် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဖရဲ၊ သခွား စိုက်ပျိုးထုတ်လုပ်၊ တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။
ဖရဲ၊ သခွားစိုက်ပျိုးထုတ်လုပ်မှုများ ပိုမိုထုတ်လုပ်နိုင်ရန် အသင်းဝင်တောင်သူများအတွက် GAP စိုက်ပျိုးနည်းပညာ သင်တန်းပေးခြင်းများကို ဆောင်ရွက်ခဲ့ပြီးနောက် GAP လက်မှတ်ရ တောင်သူများမှ စုပေါင်းဖော်ဆောင်ကြမည်ဖြစ်ပြီး၊ စစ်ကိုင်းတိုင်း

ဒေသကြီးမှ ချောင်းဦးနှင့်ထီးချိုင့်မြို့နယ်တို့တွင် ရှေ့ပြေးစီမံကိန်းအဖြစ် စတင်လုပ်ဆောင် သွားမည်ဖြစ်ကြောင်းသိရသည်။

စစ်ကိုင်းတိုင်းမြို့နယ်နှစ်ခုမှာ ရှေ့ပြေးစီမံကိန်းအဖြစ် ဧက ၁၀၀၊ ၂၀၀ လောက် စတင်အကောင်အထည်ဖော်မယ်။ ထွက်ရှိလာတဲ့သီးနှံတွေကို ဈေးကွက်ရအောင်လည်းလုပ်မယ်။ နောက်နှစ်တွေကျရင် ဒီထက်ပိုပြီး ဧကတွေ တိုးချဲ့သွားမှာလည်းဖြစ်ပါတယ်ဟု မြန်မာနိုင်ငံ ဖရဲ၊ သခွားစိုက်ပျိုးထုတ်လုပ်၊ တင်ပို့ရောင်းချသူများအသင်းမှ စီမံကိန်းမန်နေဂျာ ဒေါက်တာဂါဂါထွန်းကပြောသည်။ လက်ရှိတွင် ဖရဲ၊ သခွားသီးနှံများမှာ တရုတ်၊ ဟောင်ကောင်၊ စင်ကာပူနိုင်ငံများသို့ တင်ပို့နေရပြီး၊ လတ်တလော တရုတ်ဈေးကွက်တွင် GAP လက်မှတ်ဖြင့် ပိုမိုရောင်းချလာနိုင်ဖွယ်ရှိကြောင်းသိရသည်။ Winrock International နဲ့ ပူးပေါင်းဆောင်ရွက်ပြီး တောင်သူတွေကို GAP သင်တန်းပေးခဲ့တယ်။ အခုဆိုရင် GAP လက်မှတ်ရတဲ့တောင်သူတွေရှိလာပြီ။ ၅ ယောက်လောက်စရပြီ။ ထပ်ရဖို့လည်းရှိတယ်။ GAP ရရင်တော့ တင်ပို့မှုမှာ ရေရှည်မှာ ပိုကောင်းလာနိုင်တယ်ဟု ဖရဲ၊ သခွား စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးနိုင်ဂင်းက ပြောသည်။ ဖရဲ၊ သခွားသီးနှံများမှာ ပြည်ပဈေးကွက်အလားအလာရှိနေပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးမြှင့်တင်ပို့နိုင်ကာ လက်ရှိပြည်ပသို့ ဖရဲ တန်ချိန် ၈ သိန်းနီးပါး၊ သခွားမွေး တန်ချိန် ၁ သိန်းခွဲဝန်းကျင်ခန့်တင်ပို့ထားကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2456641134421368?__tn__=K-R

## STOCK EXCHANGE (25.9.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 25th Sep. 2019


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,000 | 11,500 | 475 | 5,549,500 | 27,112,747 | 325,353 |
| MTSH | 00002 | 4,300 | +0 | +0.00% | 4,300 | 4,300 | 4,300 | 8,191 | 35,221,300 | 38,929,150 | 167,395 |
| MCB | 00003 | 8,500 | -100 | -1.16% | 8,200 | 8,500 | 8,200 | 64 | 536,200 | 10,400,986 | 88,408 |
| FPB | 00004 | 26,500 | -500 | -1.85% | 26,500 | 26,500 | 26,500 | 1,742 | 46,163,000 | 2,472,053 | 65,509 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,000 | 3,050 | 3,000 | 631 | 1,895,500 | 12,823,224 | 39,111 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 500.82 | -1.66 | -0.33% | 498.54 | 500.82 | 490.45 | 11,103 | 89,365,500 | 5 | 685,776 |

**Index chart**



# Market Overview

As of 12:00 pm, 25th Sep. 2019

| MYANPIX | 490.45 ▼ 12.03 |
|---|---|
| Total Volume (shares) | 10,348 |
| Total Value (MMK) | 84 mil |
| Listed Company | 5 |
| Market Cap. (MMK) | 671,579 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▼ 500 |
| MTSH | 00002 | 4,300 | ▲ 0 |
| MCB | 00003 | 8,500 | ▼ 100 |
| FPB | 00004 | 26,500 | ▼ 500 |
| TMH | 00005 | 3,000 | ▼ 50 |

TIR